
ဘာသာပြန် စာရေးဆရာ – မောင်ရင်မောင်
ကောင်းကင်လက်ဆောင်စနစ်
(လင်းဘိုင်)
((Chapter 46 - 60))
တစဉ် – ၄

## ဘာသာပြန်ဆိုသူ၏ ကြိုတင်အသိပေးတောင်းပန်လွှာ

ဒီစာစဉ်က fan fiction(fan-fic) လို့ခေါ်တဲ့ စိတ်ကူးယဉ်စာစဉ်တစ်ခုပါဗျ နောက်ပိုင်းတွင်မှာ animeထဲကဇာတ်ကောင်တွေဘက်က အနာတွေပဲများတာမလို့ ဘယ်ကောင်က joker ကြီးလား ဘာကြီးလားနဲ့တွေးထင်ပြီး psycho တွေဝင်နေမှာစိုးလို့ ကြိုတောင်းပန်ထားတာပါဗျ mc က anime character မဟုတ်ဘူးဆိုတာလေးကိုပဲ သတိရပေးပါဗျ

နောက်တစ်ချက်ကတော့ ဒီစာစဉ်က mtl စာစဉ်ဖြစ်တာကြောင့် မူရင်းထဲမှာကိုက တရုတ်စာရေးဆရာက သူသိထားတဲ့နာမည်တွေအတိုင်း ရေးထားတာဖြစ်တာမလို့ ကျနော်ပြန်လည်ရေးသားရာမှာ အမှားတွေပါလာခဲ့ရင် ခွင့်လွှတ်နားလည်သည်းခံဖတ်ပေးကြပါဗျ ဥပမာ pein နဲ့ pain ကွဲလွဲတာတွေ မူရင်းထဲမှာ zetsu ကို black jue လို့ရေးထားတာတွေ kisame ကို Ghost shark လို့ဖော်ပြထားတာတွေလဲရှိပါတယ် choji ရဲ့နာမည်ကိုလဲ dingci လို့ရေးသားထားတွေရှိတာကြောင့် အမှားတွေပါရင် ခွင့်လွှတ်ပေးပါလို့ ကြိုတောင်းပန်ထားပါရစေ အဆုံးထိဖတ်ပေးလို့ ကျေးဇူးတင်ပါတယ်

***

## အခန်း(၄၆)

## ညီမကိုစောင်ရမ်းချစ်တဲ့ Tornado ထွက်ပေါ်လာပါပြီ

အညံ့ခံမလား?ဒါမှမဟုတ် သေမလား?

"ဂလု!"

နင်ဂျာတွေအကုန်လုံး ကိုယ်စီတုံ့တွေးမြို့ချလိုက်ပြန်သည်။ကြည့်ရတာတော့ သူတို့မှာရွေးချယ်စရာရှိသလိုလိုပေါ့။

ဒါပေမဲ့....တစ်ကယ်တမ်းက ရွေးချယ်စရာမရှိဘူးလေ။

ဘာလို့လည်းဆိုတော့....

"ခေါင်းဆောင်ကြီးတစ်ဖန်ပြန်ပြီး နိုးထလာခဲ့ရင် သူ့ကိုသစ္စာဖေါက်တာကိုသိခဲ့ရင်လည်း ငါတို့အတွက်ကသေလမ်းပဲရှိတာလေ။" ဟု သူတို့အချင်းချင်းပြောနေကြလေသည်။သူတို့တွေပြောနေကြတာကို လင်းဘိုင်ကြားလိုက်ရတဲ့အခါမှာ သူသတိရလိုက်မိတာက....

ဒီနင်ဂျာတွေဆိုတာ တစ်ကယ်တော့နင်ဂျာကျေးရွာထွက်ကြေးစားတွေဖြစ်ပြီး သူတို့အကုန်လုံးဟာ နင်ဂျာဘုရင်ရဲ့လက်အောက်မှာ အလုပ်လုပ်ကြရတာပါ။(မူရင်းmangaထဲကဟာကို လင်းဘိုင်ပြန်သတိရတာပါ။)

ဒီလိုဆိုတော့ သူတို့ကိုနားချဖို့ကမလွယ်ကူနိုင်ဘူးလေ။လင်းဘိုင်တစ်ခဏမျှ စဉ်းစားပြီးတဲ့နောက် နည်းလမ်းရှာမရသည့်အဆုံး သူတို့တွေကို mosquito girl လက်ထဲကိုပဲအပ်လိုက်တော့မယ်ဟု ဆုံးဖြတ်လိုက်ပါတယ်။

ထိုအချိန်မှာပဲ အမျိုးသမီးတစ်ယောက်ရဲ့ စူးရှရှအော်ဟစ်သံတစ်ခုကရုတ်တရက်ဆိုသလိုအိမ်ထဲမှာ ကြားလိုက်ရတာက-

"လင်းဘိုင်! မသေချင်ဘူးဆိုရင် အခုထွက်လာခဲ့စမ်း!"

ဆိုတဲ့အသံဟာ အင်အားပြင်းလျှင်တစ်ခုလှုပ်ခတ်သွားသလို အိမ်တစ်ခုလုံးတုန်ဟီးသွားစေပါတယ်။

ဒီအသံကိုကြားလိုက်ရပြီးနောက် နင်ဂျာတွေလည်း ဘာလုပ်ရမယ်မသိဖြစ်ကုန်ပါတယ်။လခွမ်း၊ ဘာဖြစ်တာတုန်းဟ?

အသံကိုနားထောင်ကြည့်ရသလောက်ကတော့ လင်းဘိုင်ရဲ့ရန်သူ

တစ်ယောက်ယောက်ပဲဖြစ်မယ်။ပြီးတော့ အသံနဲ့တင်အိမ်တစ်ခုလုံးတုန်အောင်လုပ်နိုင်တာဆိုတော့ တော်ရုံတန်ရုံအနေအထားတော့မဟုတ်လောက်ဘူး။စသည့်ဖြင့် အတွေးများဝဲလည်လည်တွေဖြစ်နေကြလေသည်။

လင်းဘိုင်တို့ဘေးမှာရှိနေတဲ့ Fubuki တစ်ယောက်ကတော့ မျက်နှာမှာသွေးမရှိသလို ဆွတ်ဆွတ်ဖြူလို့ပေါ့။

ထို့နောက်-

"ဒါ ဒါ ကျမရဲ့အမရောက်လာတာပဲ။"

"အမ???"

ဘေးကနင်ဂျာကောင်တွေရဲ့မျက်လုံးတွေက ပြူးကျယ်လျက် ဘယ်ကအမလဲဟု Fubuki ကိုမေးခွန်းထုတ်လိုက်ပါတယ်။

"ကြောက်ရွံ့ခြင်းလေပွေ Tornado ။"

ဆိုပြီးဖြေလိုက်တာက Fubuki မဟုတ်ပဲ လင်းဘိုင်ကဖြေပေးလိုက်တာပါ။

တစ်ကယ်တော့ အစောပိုင်းကတည်းက လင်းဘိုင်တွေးမိပြီးသားပါ။

အခုလိုမျိုးအနေအထားရောက်အောင် လှုပ်လှုပ်ခတ်ခတ်လုပ်နိုင်တဲ့မိန်းကလေးဆိုလို့ Tornado ကလွဲရင် ဘယ်သူရှိဦးမှာလည်း?

သူဟာFubukiက အိမ်မှာအတူတူလာနေဖို့ပြောကတည်းက ဒီလိုနေ့မျိုးရောက်လာလိမ့်မယ်ဆိုတာ ကြိုသိပြီးသားလေ။ဒါပေမဲ့ အခုလိုမျိုးတိုက်တိုက်ဆိုင်ဆိုင်ကြီး ရောက်ချလာလိမ့်လို့တော့မထင်ခဲ့တာအမှန်ပါ။

ထို့နောက် လင်းဘိုင်ဟာချက်ချင်းပဲ စိတ်စွမ်းအားကိုအသုံးပြုပြီး အိမ်အပြင်ဘက်ကိုပျံထွက်လိုက်ပါတယ်။

"လင်းဘိုင်ဆိုတာ ငါပဲ!" ဆိုသည့် သူ့အသံမှမဆုံးသေးခင် ကြောက်မက်ဖွယ်စိတ်စွမ်းအင်လှိုင်းတစ်ခုက လင်းဘိုင်ရှိရာဆီအရှိန်အဟုန်နဲ့ပြေးဝင်

လာပါတယ်။အဲ့ဒီ့နောက် လင်းဘိုင်ရဲ့လည်ပင်းကို ချိုးရန်တစ်ချက်တည်း ညစ်လိုက်ပါတော့တယ်။

ဒါပေမဲ့ ကံမကောင်းစွာပဲ လင်းဘိုင်ရဲ့လက်ရှိစွမ်းအားက သာမန်လူတစ်ယောက်ရဲ့လစ်မစ်ကို အဆဖဂဂဂကျော်လောက်ကို ရောက်ရှိနေတာလေ။ဒီအနေအထားဟာ ဟန်ပြရုံသက်သက်လောက်စွမ်းအားမျိုးမဟုတ်တော့ လင်းဘိုင်ခေါင်းကို တစ်ချက်ခါလိုက်သည်နှင့် အခုနကအတွေးစွမ်းအားဟာ ကျိုးပျက်သွားပါတယ်။

ထိုအခါ-

"ဟက် ကြည့်ရတာ နဲနဲပါးပါးတော့အစွမ်းလေးဘာလေးရှိသား။"

ဟူသည့် ကြည်လင်သည့်အမျိုးသမီးအသံတစ်ခုနောက်က ခန္ဓာကိုယ်သေးသေးလေးတစ်ခုက အဝေးကောင်းကင်တစ်နေရာကနေ လင်းဘိုင်ရှိရာဆီသို့ပျံသန်းလာပါတယ်။

ကုတ်ဝဲသာသာရှိမည့်ဆံပင်က အဖျားမှာကောက်နေပြီး လေတိုက်လိုက်တိုင်းဝဲခနဲလွင့်နေပါတယ်။ကလေးသာသာကိုယ်လုံးလေးကို အစိမ်းရောင်ကော်လံပါ တရုတ်အမျိုးသမီးသင်တိုင်းစနဲ့ ကျစ်နေအောင်ပတ်ထားသလိုပါပဲ။ဆိုတော့ ပြောရရင် ချစ်စရာကောင်းသလိုလို ဆွဲဆောင်မှုမျိုးရှိနေတာပေါ့။အခုပြောပြနေတာဟာ Fubuki ရဲ့အမဖြစ်သူ Tornadoထွက်ပေါ်လာတဲ့ပုံစံကိုပြောပြနေတာပါ။

လင်းဘိုင်က မျက်မှောင်အနည်းငယ်ကြုံ့လိုက်ပြီး

Fubuki ရဲ့ကိုယ်လုံးကိုယ်ပေါက်က ဆွဲဆောင်အားပြင်းတဲ့ပုံစံမျိုးဖြစ်ပြီးTornado ကတော့ ချစ်စရာ Loli typeမျိုးပါ။(Loli ဆိုတာ မင်မင်လည်းမသိပါ။)

ဒီ့တော့ ပြောရရင် သူတို့ညီအစ်မနှစ်ယောက်ရဲ့ အတွေးစွမ်းအားက သူတို့ရဲ့ခန္ဓာကိုယ်နဲ့ ပြောင်းပြန်အချိုးကျနေသလားဟုပင် လင်းဘိုင်တွေးနေမိသည်။အငယ်ဖြစ်တဲ့ Fubuki က အနေအထားက D+

အဲ အတွေးစွမ်းအားကျတော့ tiger level သာသာအဆင့်လောက်ပဲရှိတာပါ။အကြီးဖြစ်တဲ့ Tornado ကျ ခန္ဓာကိုယ်က A+

အတွေးစွမ်းအားလည်းကျရော dragon level (top)ဖြစ်နေရောလေ။ပြောရရင် ဒီညီအစ်မနှစ်ယောက်ရဲ့ အနေအထားကနဲနဲတော့ စိတ်ဝင်စားစရာပါပဲ။လင်းဘိုင်စိတ်ထဲတွေးနေရင်းက ပြုံးလိုက်မိလေသည်။

ထိုအခိုက်-

"ဟေ့ ဟေ့ ဘာတွေသဘောကျပြီးရယ်ပြနေတာတုန်း?"

Tornadoတစ်ယောက် မျက်ခုံးကိုပင့်လိုက်ပြီး မကျေမနပ်နဲ့သူမရဲ့ လက်သီးသေးသေးလေးကို ဆုပ်ပြပြီးလင်းဘိုင်ကို လှမ်းမေးလိုက်ပါတယ်။

"ဒါနဲ့ ငါ့ညီမလေးရော?"

Tornado တစ်ကယ့်ကိုပဲ ညီမဖြစ်သူကိုစောက်ရမ်းချစ်တာသိသာပါတယ်။(manga နဲ့ series ထဲမှာလည်း အာ့လို့ပါပဲ။)

လင်းဘိုင်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်းက

"ငါ့အိမ်မှာလေ " ဟုပြန်ဖြေလိုက်စဉ်Tornado တစ်ယောက်အံကိုကြိတ်လိုက်ပြီး"သေစမ်း! နင်က ငါ့ညီမနဲ့အတူတူနေနေကြတာလား?"

သူမဟာ Fubuki အကြောင်းကို လိုက်စုံစမ်းနေတာ ရက်အနည်းငယ်ကြာပြီလေ။နောက်ဆုံးရတဲ့သဲလွန်စက လင်းဘိုင်နဲ့လိုက်သွားတာလို့သိခဲ့ရပေမဲ့ ပထမကတော့ သူမရဲ့ညီမလေးဟာ ယောကျ်ားလေးတစ်ယောက်နဲ့အခုလို အတူတူနေမယ်လို့ မယုံကြည်ခဲ့ဘူးလေ။

ဒါပေမဲ့ အခုလိုမျိုးမြက်ဝါးထင်ထင်တွေ့လိုက်ရပြန်တော့လည်း .....

"ဒါ နင်ကအတင်းနေခိုင်းတာပဲဖြစ်ရမယ်။"

Tornado မျက်လုံးတွေကရန်လိုခြင်းတွေနဲ့အပြည့်ဖြစ်လာပြီး သူမရဲ့ အတွေးစွမ်းအင်ကို သုံးမယ်ကြံရုံရှိသေးFubuki တစ်ယောက် အတွေးစွမ်းအားကိုသုံးပြီး သူမတို့ရှိရာဆီပျံလာတာကိုတွေ့လိုက်ရပါတယ်။

"မမ လင်းဘိုင်ကအကျပ်ကိုင်တာမဟုတ်ပါဘူး။ညီမလေးကတောင်းဆိုပြီး သူနဲ့လာနေနေတာပါ။"

"ပြီးတော့..."

Fubuki ရဲ့မျက်နှာမှာရှက်သွေးလေးတွေဖြန်းသွားပြီး

"မမထင်ထားသလို အနေအထားမျိုးကိုလည်းလောလောဆည်မှာ ညီမလေးတို့နှစ်ယောက်မရောက်ကြသေးပါဘူး။" ဟု အမဖြစ်သူကိုပြောပြလေသည်။

"လောလောဆည်မရောက်သေးဘူး!ဆိုတော့ ပြောရရင်နောက်ကျရောက်မယ်ပေါ့လေ။ "

Tornado အံကိုကြိတ်လိုက်ပြီး သူမစိတ်ထဲတွေးလိုက်တာက

လင်းဘိုင်ဆိုတဲ့ငတိကို အခုကတည်းကတစ်ခါတည်း လတ်စဖြတ်ရှင်းမှဖြစ်မယ်ဆိုတာပါပဲ။

"......"

လင်းဘိုင်ဟာ Tornadoကညီမဖြစ်သူအတော်ချစ်မှန်းတော့ သိခဲ့ပေမဲ့ အခုလိုမျိုးစန်းစန်းတင့်ကြီးဖြစ်လိမ့်တော့ မထင်ခဲ့ပေ။ဒီအခြေအနေအထိဖြစ်လာမှတော့ သူတစ်ခုခုထပြောမှဖြစ်လိမ့်မယ်ဟုတွေးပြီး

"တစ်ကယ်တော့ Fubuki ကို ကျနော်ကကယ်ထားတာပါ။"

လင်းဘိုင်ကခပ်ပြုံးပြုံးပင် သူတို့စတွေ့စဉ်ကညစာစားပွဲမှာ ဖြစ်ပျက်ခဲ့တာတွေကိုပြန်ရှင်းပြလေသည်။

"အဲ့ဒီအချိန်တုန်းက သူမရဲ့အနေအထားအရဆိုရင် အခုလိုမျိုးကျနော့အိမ်မှာလိုမျိုး ရက်အနည်းငယ်လောက်အနားမယူဘူးဆိုရင် သူမအတွက်အန္တရာယ်ရှိနိုင်တယ်လေ။"

"ဒီတော့ ပြောရရင်ခင်ဗျားက ကျနော့ကိုကျေးဇူးတောင်တင်ရဦးမှာ။"

လင်းဘိုင်မျက်လုံးတွေက တလက်လက်နဲ့ဖြစ်နေလေသည်။

အစကတည်းက သူFubukiကိုအတူနေဖို့ လက်ခံခဲ့တာကလည်း Tornado ကိုချဉ်းကပ်ပြီး သူမဆီက ကျေးဇူးတင်ပါတယ်လို့ပြောအောင်ကြံခဲ့တာလေ။

သူမသာပြောလိုက်မယ်ဆိုရင် လက်ရှိသူ့စွမ်းအားထဲကို သူမရဲ့အတွေးစွမ်းအားပါထပ်ပေါင်းလိုက်မယ်ဆိုရင်သူ့ရဲ့ စနစ်စွမ်းအင်သတ်မှတ်ချက်က dragon levelရဲ့ ထိပ်ဆုံးကိုရောက်သွားမှာလေ။

သို့သော်....

"ဘာ??? နင်က ငါ့ညီမလေးကိုထိခိုက်အောင်လုပ်လိုက်တယ်။ငါ နင့်ကိုသတ်မယ်!"

လင်းဘိုင်ပြောပြနေဆဲ တစ်ဝက်တစ်ပျက်က Fubuki ဒဏ်ရာရတဲ့နေရာလည်းရောက်ရော Tornado က ဆက်နားမထောင်တော့ပဲ စိတ်တွေလွှတ်ထွက်သွားပြီလေ။

......

လင်းဘိုင် ဘာပြောလို့ပြောရမှန်းပင် မသိတော့ချေ။ကြည့်ရတာ သူအတွေးနဲနဲချော်သွားတယ်ထင်တယ်။ဒါပေမဲ့ Fubuki ရဲ့ ကြားဝင်ဖျန်ဖြေ

ပေးမှုကြောင့် သူတို့နှစ်ဦးတိုက်ကြခိုက်ကြသည်အထိတော့မဖြစ်ပေ။

ထို့နောက်....

"ညီမလေး နင်ငါနဲ့ပြန်လိုက်ခဲ့။"

Tornado က Fubukiလက်ကိုဆွဲ၍ အိမ်သို့ပြန်မည်ပြုစဉ်။

"ဟင့်အင်း။ညီမလေးပြန်မလိုက်ဘူး။"

Fubuki က သူ့အစ်မရဲ့လက်ထဲကနေ အတင်းရုန်းထွက်ကာပြောလိုက်လေသည်။ထို့နောက်

"ညီမလေး ဒီမှာပဲပျော်တယ်။အိမ်ကိုပြန်မလိုက်ချင်ဘူး။"ဟု ဆိုလေသည်။

ထိုအခါ Tornado က

"ဘာ ပြော လိုက် တယ် ?" ဟု အံကိုကြိတ်ရင် တစ်လုံးချင်းပြန်မေးလိုက်ပါတယ်။သူမရဲ့အတွေးစွမ်းအင်ကလည်း ပတ်ဝန်းကျင်တစ်ခုလုံးကိုလေဖိအားနည်းရပ်ဝန်းတစ်ခုပမာဖိထားလေသည်။

Fubuki ကလည်း အံကိုတင်းကြိတ်ရင်းပြန်အော်လိုက်တာက

"ညီမလေး အိမ်ကိုပြန်မလိုက်ဘူး။"

ဟုတ်ပါတယ်။ဒီနှစ်တွေမှာ သူမအစ်မရဲ့အချစ်လွန်ချုပ်ချယ်မှုတွေကြောင့်သူမမှာသူငယ်ချင်းတစ်ယောက်တောင်မရှိခဲ့ပေ။လွန်ခဲ့တဲ့ရက်အနည်းငယ်က လင်းဘိုင်အိမ်ကိုရောက်လာတော့မှသာ သူမဟာ ကာဝါမီကို၊ဆူဇူကီးနဲ့ mosquito girl တို့နဲ့သိကျွမ်းပြီး ခင်မင်လာခဲ့ရတာလေ။ပြီးတော့ လင်းဘိုင်နဲ့ကောပေါ့။ဒါ့ကြောင့် သူမဒီပတ်ဝန်းကျင်လေးကနေ မခွဲခွါချင်ခဲ့တာပါ။သူမအိမ်ပြန်ရောက်သွားခဲ့ရင် အခုလိုမျိုးလည်းလွတ်လပ်တော့မှာမဟုတ်ဘူးလေ။

"ဟင်း ဟင်း ကြည့်ရတာ ငါ့ညီမကအပြင်ရောက်သွားပြီးမှ လွတ်ထွက်

သွားတာပဲ။"

Tornado ကခနဲ့လိုက်ရင်းက အတွေးစွမ်းအင်ကိုသုံးပြီး Fubukiကို မလှုပ်နိုင်အောင်ချုပ်လိုက်ပါတယ်။

ထို့နောက် လှမ်းပြီးFubuki ကိုင်လိုက်ကာ

"အိမ်ပြန်ရောက်တော့မှ ငါ့ညီမကိုသေချာလေးပြန်သင်ပြပေးရဦးမှာပဲ။"

ဟု ပြောလိုက်လေသည်။

Fubuki တစ်ယောက်ကတော့ မျှော်လင့်ချက်မဲ့စွာပဲသူမမျက်လုံးတွေကိုမှိတ်လိုက်ပါတယ်။တစ်ကယ်တော့ သူမအစောကြီးကတည်းသိပါတယ်လေ။သူမအစ်မကို သူမအနေနဲ့မတွန်းလှန်နိုင်ဘူးဆိုတာ။

သူမဘဝက ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကော ရှိပါ့မလားပဲ။

သို့သော် ထိုအချိန်၌....

ချွတ်ဆိုသည့်အသံရဲ့နောက်မှာ လူတစ်ယောက်Fubuki ရဲ့ရှေ့မှာဝင်ရပ်လိုက်ပါတယ်။အခြားသူမဟုတ်ပါဘူး။ mcလင်းဘိုင်ပါပဲ...

သူဟာ Tornado ရဲ့လက်ကိုလှမ်းဆွဲလိုက်ပြီး

"မင်းက နားလေးနေတာလား?ဘာလား?

လင်းဘိုင်သူ့နှုတ်ခမ်းကိုတစ်ချက်တွန့်ကာ အပြုံးတုတစ်ခုဖြင့်

"Fubuki ပြောနေတယ်လေ။အိမ် ကို မ ပြန် ချင် ဘူး တဲ့!" ဟု Tornado ကိုပြောလိုက်ပါသည်။

***